ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

CDD

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

ကြပ်ကလေးကျေးရွာ၊ကြပ်ကလေးကျေးရွာအုပ်စု

၂၀၁၈ခုနှစ် ကြံခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
ရေလယ်ကျွန်း
ဧရာဝတီ မြစ်
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ




ကြပ်ကလေးကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြပ်ကလေးကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

**၁. ကြပ်ကလေးကျေးရွာ**

၂. အလယ်ရွာ ကျေးရွာ

၃. ချောင်းဖျား ကျေးရွာ

၄.  ရှမ်းတောကြီး ကျေးရွာ

၅.  စမ်းကြီး ကျေးရွာ

ကြပ်ကလေးးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာ အခြေခံအချက်အလက်များ

ကြပ်ကလေးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြပ်ကလေး ကျေးရွာအုပ်စုတွင် တည်ရှိပါပြီး အုပ်စုရွာလည်းဖြစ်သည်။ ကြံခင်းမြို့မှ မြောက်ဘက် (၇) မိုင်အကွာတွင် တည်ရှိ၍ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ခန့်က တည်ရှိခဲ့သည်။ အရှေ့ဘက်တွင် ဓမ်ဘီချောင်း၊ အနောက်ဘက်တွင် အကောက်တောင်၊ တောင်ဘက်တွင် ကြပ်ကြီးတောင်၊ မြောက်ဘက်တွင် ကြပ်က လေးတောင်(နဂါးပွက်တောင်) တို့ ဝန်းရံလျက်ရှိသည်။ အိမ်ခြေပေါင်း ၁၁၆ အိမ်နှင့် လူဦးရေ ၃၇၄ ဦးခန့် နေထိုင်ကြသည်။ ဗမာလူမျိုးများသာ နေထိုင်ကြ၍ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ ကျဘမ်းလုပ်ကိုင်သူများလည်းရှိသည်။လယ်မြေကေပေါင်း ၅၄၃ ကေခန့်နှင့် ယာမြေကေပေါင်း ၁၅၄ ကေခန့်ရှိသည်။

ရွာတွင် မူလတန်းကျောင်းသာရှိ၍ မူလတန်း/အထက်တန်းပညာများကို ဆိပ်သာရွာကြီးတွင် သွားရောက်ပညာသင်ယူကြရသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရွာတွင် မည်သည့်အဆောက်အဦးမျှ မရှိပါ။ သို့အတွက် ကြံခင်းမြို့သို့သွားရောက်၍သာ ဆေးကုသမှုခံယူကြရသည်။

ကြပ်ကလေးကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်တွင် မာလာမုန်တိုင်းဒဏ်ခံခဲ့ရဖူးသည်။ အိမ်ယာအနည်းငယ် ပျက်စီးခဲ့သည်။ မိုးရာသီတွင် လေပြင်းကျခြင်းများလည်း ဖြစ်လေ့ရှိသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် 2016 ခုနှစ်တွင် ရွာတွင်းလမ်းများကောင်းမွန်ရေးကို လူထုဗဟိုပြုစီမံကိန်း(ပထမနှစ်စက်ဝန်း)၏ပံ့ပိုးမှုဖြင့် ကျေးရွာလူထုမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 19-10-2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 5 | 6 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 19-10-2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 19-10-2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 5 | 4 | 9 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 19-10-2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 6 | 6 | 12 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 19-10-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 19-10-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 6 | 6 | 12 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | 19-10-2017 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 35 | 46 | 81 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 19-10-2017 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 35 | 46 | 81 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | 19-10-2017 | ကော်မတီဂင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | 35 | 46 | 81 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- သောက်သုံးရေမိုးတွင်းချိန်သာဖူလုံပြီး နွေရာသီတွင်ရေခက်ခဲမှုရှိသည်။
- သဲဆန်မြေဖြစ်၍ လမ်းများသွားလာရခက်ခဲသည်။လူထုဗဟိုပြုစီမံကိန်းမှ(၂၀၁၆)ခုနှစ် ပထမနှစ် စက်ဝန်းတွင် ကျေးရွာလူထုနှစ်ပူးပေါင်း၍ ရွာတွင်းလမ်းပိုင်းအချို့ကို ပြုပြင်ပေးခဲ့သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီးအများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သားများဖြစ်ကြသည်။
- ရွာတွင် မူလတန်းကျောင်းရှိသည်။ဘုန်းတော်ကြီးကျောင်းရှိသည်။


**တိုးတက်ဖို့လိုအပ်သည်များ**

- ရွာတွင်းလမ်း(ကျန်ရှိနေသော လမ်းပိုင်းအချို့)
- ရွာချင်းဆက်လမ်း(ကြပ်ကလေး+ရှမ်းတော)
- လျှပ်စစ်မီး
- ဆေးပေးခန်း
- အစည်းအဝေးခန်းမ
- ဝင်ငွေတိုးလုပ်ငန်းများ
  - ကြက်၊ ဝက် မွေးမြူရေး
  - စိုက်ပျိုးရေးအတွက်ချေးငွေ

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## (ခ)လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာခနကြွယ်ဂမ္ဘီရယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးသတ်မှတ်သည်။
- (ဃ)အဆင့် အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၂၅) အိမ်ထောင်စု ပါဝင်သည်။
- နွမ်းပါးသောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ စိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကိုဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော် လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီးဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဂ)ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။




ရာသီခွင်ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊ ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- မိုးရာသီတွင် ရေဖူလုံသော်လည်း နွေလများတွင် ရေရှားပါး။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီးဝင်ငွေမတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့် ကျား၊မရေးရာသိမြင်ခံစားလာအောင် ဆွေးနွေး (အိမ်မှုကိစ္စဝိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဃ) <u>ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီးအမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာအိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့်အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်
တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) <u>အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>




**အရင်းအမြစ်များအပေါ်အသုံးပြုမှုပုံ**

## ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ ဈေးဆိုင် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသား များ နှင့် တန်းတူပြုလုပ်နိုင်ကြောင်း နှင့် တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>




**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအညွှန်း**

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၄င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေး တို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာ အသင်း စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ စသည်တို့ သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဆ)<u>အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။</u>




အခက်အခဲ ပြဿနာများ

## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

### အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ နည်းပညာအားနည်းခြင်း၊ ကျန်းမာရေးတွက် အခက်အခဲရှိခြင်း၊ မြေနေရာရှားပါးသော အခက်အခဲ၊ သောက်သုံးရေရှားပါးခြင်း၊ လျှပ်စစ်မီးရရှိရန် မြို့နှင့်အလှမ်းဝေးခြင်း စသည်တို့ကို အမျိုးသားများဘက်မှ တင်ပြဆွေးနွေးကြသည်။


### အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ


လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ပညာရေးအားနည်းခြင်း၊ မြို့နှင့်အလှမ်းဝေးသောကြောင့် လျှပ်စစ်မီး ရရှိရန်ခက်ခဲခြင်း၊ ကျန်းမာရေးအားနည်းခြင်းအခက်အခဲ၊ မြေနေရာရှားပါးခြင်းအခက်အခဲ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေအခက်အခဲ စသည်တို့ကို အမျိုးသမီးများဘက်မှ တင်ပြဆွေးနွေးကြသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများ အဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့် တူညီနေကြသည်။ အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာ ဖော်ထုတ်ခဲ့ကြသည်။ အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဈ)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။






ကျေးရွာမျှော်မှန်းချက်များ

# ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

**အမျိုးသားများ၏မျှော်မှန်းချက်များ**

- လျှပ်စစ်မီး လင်းနိုင်ရေး။
- သောက်သုံးရေဖူလုံမှုရှိရန်။
- ရွာချင်းဆက်လမ်းများကောင်းမွန်ရေး။
- ဆေးပေးခန်းဆောက်လုပ်နိုင်ရေး။
- ရွာတွင် မူလွန်ကျောင်းရှိရန်။
- တစ်ရွာလုံး လျှပ်စစ်မီးလင်းရေး။


**အမျိုးသမီးများ၏ မျှော်မှန်းချက်များ**

- လျှပ်စစ်မီး လင်းနိုင်ရေး။
- အိမ်တိုင်ရာရောက် ရေရရှိရေး။
- ရွာတွင် အလယ်တန်းကျောင်းရှိရမည်။
- ရွာတွင် မီးသတ်ကား၊မီးသတ်ရေကန် ရှိရမည်။
- မူလတန်းကျောင်းရှိရမည်။
- ရွာတွင်းလမ်းများ ကွန်ကရစ်လမ်း ဖြစ်ရမည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်းမှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူ ညီသော အိမ်တွင်းမှုနှင့် ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုးသမီးများက မျှော်မှန်းထားကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဈ)<u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြပ်ကလေးအုပ်စု၊ ကြပ်ကလေးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော **ဘက်စုံသုံးခန်းမ** လုပ်ငန်းအား ဦးစာပေး(၁)အဖြစ်လည်းကောင်း၊ ဒုတိယ မဲအများဆုံး ရွာတွင်းချောင်းကျောက်လမ်းလုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယ မဲအများဆုံး ကြပ်ကလေး-ရှမ်းတောလမ်း လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ချောင်းကူးတံတားပြုပြင်ခြင်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ အင်ဂျင်မီးလင်းရေးအား ဦးစားပေး(၅) အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများ




ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးမောင်မောင်လတ် | 09793825988 |
| | | ဥက္ကဋ္ဌ | ဒေါ်ရီရီဝင်း | 09793523782 |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးနိုင်ထူး | 09779268160 |
| | | အဖွဲ့ဝင် | ဦးသက်နိုင်ဦး | 09251151271 |
| | | အဖွဲ့ဝင် | ဒေါ်စန်းစန်းထွေး | - |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်ဖော်ဝင်း | 09780050719 |
| | | အဖွဲ့ဝင် | ဦးမိုးလွင် | 09775304523 |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းချိုမာ | 09794741871 |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝေဝေလွင် | 09793153821 |
| | | အဖွဲ့ဝင် | ဒေါ်အိချိုမာ | 09459646209 |
| | | အဖွဲ့ဝင် | ဦးလွင်မောင်မောင် | 09781624492 |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးရှိုင်းထက်အောင် | 09780033318 |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး | အဖွဲ့ဝင် | ဦးမြင့်အောင် | 09781423926 |
| | | အဖွဲ့ဝင် | ဒေါ်ညိုနွဲ့ | 09786474898 |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်ပိုင်ဖြိုး | 09794669215 |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းမော် | 09784903656 |

# ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးအကြိမ် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရန်၍ ကောက်ခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီကောက်ခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဗိုလ်ကျော်မော်ဝင်း | ၀၉ 784744146 | ဦးတင့်နိုင်ဝေ |

ပြည်နယ်/တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible]

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၂၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၂၀ |
| လူမျိုးစု (၂) ------------ | — | ဘာသာ (၂) ------------ | — |
| လူမျိုးစု (၃) ------------ | — | ဘာသာ (၃) ------------ | — |
| လူမျိုးစုရော ------------ | — | ဘာသာရော ------------ | — |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၃ + မ ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၁၇ + မ ၁၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၁၉၃ | ၁၈၄ |
| လူမျိုးစု (၂)------------ | — | — |
| လူမျိုးစု (၃)------------ | — | — |
| အိမ်ထောင်ဦးစီး | ၁၀၅ | ၁၅ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | |
|---|---|---|---|
| | | အခြား | ☐ |
| မှတ်ချက် | မှတ်ချက် | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း  (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း   ကတ္တရာလမ်း   ကွန်ကရစ်လမ်း   မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း   (မြေသားလမ်း)   လူသွားလမ်း   အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်   ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?   ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?   နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?   ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?   မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ   ☐ ရှိပါသည်   ရှိလျှင်ဖော်ပြပါ --------------------------------

သုတေသီကိုပြုပြင်ခံကက်နုံးမကိုင်ငံ ဤကျေးရွာတွင် ကျေးရွာနှင့်ပြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခု
ည်းထားသည့် အဖွဲ့ အစည်းများရှိပါသလား။

) -----------------------------------

) -----------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးမောင်မောင်ဦး

လက်မှတ် နေ့စွဲ ၁၉.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးတင့်နိုင်ဝေ

လက်မှတ် နေ့စွဲ 19-10-2017

# ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင့်နိုင်ဖြေ | | | |
| နေ့စွဲ ၁၉.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကံခင် | ကျေးရွာအုပ်စု ကျပ်ကလေး | ကျေးရွာ ကျပ်ကလေး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.10.17 | 19.10.17 | ၄၃ | ၁၆ | ၅၉ | — \| — |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.10.17 | 19.10.17 | ၄၃ | ၁၆ | ၅၉ | — \| — |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.10.17 | 25.10.17 | ၃ | ၂ | ၅ | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်းအစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်( PC-3 )

(ပူးပေါင်းပါဝင်မှု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအေးနိုင်ဌေး | |
| နေ့စွဲ 19.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး / မြို့နယ် [illegible] | ကျေးရွာအုပ်စု ကြပ်ကလေး ကျေးရွာ ကြပ်ကလေး |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မြို့နှင့် အလှမ်းဝေးသောကြောင့် ဖွံ့ဖြိုးမှု နောက်ကျခြင်း | ၁ | လျှပ်စစ်မီး အခက်အခဲ |
| ၂ | အလယ်တန်းကျောင်း မရှိခြင်း | ၂ | အလယ်တန်းကျောင်း မရှိခြင်း |
| ၃ | [illegible] | ၃ | [illegible] |
| ၄ | ကျန်းမာရေး အဆောက်အအုံ မရှိခြင်း | ၄ | နည်းပညာ အခက်အခဲ |
| ၅ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၅ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း ဖြစ်ရမည်။ | ၁ | ကွန်ကရစ်လမ်း ဖြစ်ရမည်။ |
| ၂ | သက်ခုံသုံးခန်းမ ရှိရမည်။ | ၂ | သက်ခုံသုံးခန်းမ ရှိရမည်။ |
| ၃ | အလယ်တန်းကျောင်း ရှိရမည်။ | ၃ | အလယ်တန်းကျောင်း ရှိရမည်။ |
| ၄ | ဆေးပေးခန်း ရှိရမည်။ | ၄ | ဆေးပေးခန်း ရှိရမည်။ |
| ၅ | တစ်ရွာလုံး မီးလင်း ရှိရမည်။ | ၅ | တစ်ရွာလုံး မီးလင်း ရှိရမည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | သက်ရှည်ဘုံးခန်းမ | အမျိုးသား+အမျိုးသမီး | ၁၀၉,၀၀,၀၀၀ | ၃၇၇ |
| ၂ | ရွာတွင်းချောင်းကျောက်ဖြ | အမျိုးသား+အမျိုးသမီး | ၇၀,၀၀,၀၀၀ | ၃၇၇ |
| ၃ | ကြက်ကလေး+ဘဲမွေးမြူရေး | အမျိုးသမီး | ၂၀,၀၀,၀၀၀ | ၃၇၇ |
| ၄ | ချောင်းကူးတံတားပြုပြင်ခြင်း | အမျိုးသား | ၁၅၀,၀၀,၀၀၀ | ၃၇၇ |
| ၅ | [illegible] | အမျိုးသား+အမျိုးသမီး | ၆၅,၀၀,၀၀၀ | ၃၇၇ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရေး | အမျိုးသား+အမျိုးသမီး | |
| ၂ | အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ရေး | အမျိုးသား+အမျိုးသမီး | |
| ၃ | [illegible] | အမျိုးသား | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---၂၉-၁၀-၂၀၁၇---

## ၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း( PC-4 )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးအောင်နိုင်ဗွေး ၊ ဦးမြင့်ဆွေ | | | |
| နေ့စွဲ ၂၅.၁၀.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇပ်ကလေး | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဇပ်ကလေး | ကက်စုံလမ်းခင်းမြ | ၄၀'×၂၀'×၁၂' | ၃၇၇ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၁၀၉ သိန်း | - | - | - | ၁၀၉ သိန်း |
| ဂုဏ်ကောကြီး | ကက်စုံလမ်းခင်းမြ | ၄၀'×၂၀'×၁၂' | ၃၈၃ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၁၁၀ သိန်း | - | - | - | ၁၁၀ သိန်း |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးမောင်မောင်အောင် (လက်မှတ်) 25.10.2017

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကလေးဘိုရွာ | ရွာအတွင်းချောင်း ကျောက်တံတား | ၂၅၀'x၁၀'x၄' | ၄၃၃ ဦး | □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၈၀,၀၀၀ကျပ် | | | ၃၈၀,၀၀၀ကျပ် |
| ချောင်းဖျား | ကန်ပွင့်မြောင်း | 16HP Engine 5kv ဒိုင်နမို ၅၀၀' ဝိုင်ယာကြိုး | ၁၂၈ ဦး | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၂၄၀,၀၀၀ကျပ် | | | ၂၄၀,၀၀၀ကျပ် |
| ဝါးကြီး | ရွာတွင်းချောင်း ကျောက်တံတား | ၅၀'x၁၀'x၄' | ၃၃ ဦး | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၂၁၀,၀၀၀ကျပ် | | | ၂၁၀,၀၀၀ကျပ် |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်ချုပ်ရေးမှူး/ကျေးရွာကော်မတီဥက္ကဋ္ဌ အမည် ဦး [illegible]

လက်မှတ် ______ ရက်စွဲ [illegible].၂၀၁၇

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကြပ်ကလေး** ` **ရက်စွဲ- 19-10-2017**

ကြပ်ကလေးအုပ်စု၊ ကြပ်ကလေးကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ( 19-10-2017 ) ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁:၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၇)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြပ်ကလေး** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကြပ်ကလေး** **ရက်စွဲ - 20-10-2017**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (20-10-2017)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင် စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

10ကျေးရွာကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြားအဆောက်အဦး | ၁။ | ဘက်စုံသုံးခန်းမ | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဖဟိုပြု |
| | ၂။ | ရွာတွင်းချောင်းကျောက်လမ်း | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဖဟိုပြု |
| | ၃။ | ကြပ်ကလေး-ရှမ်းတောလမ်း | ကျား / မ | 2018 | ကျေးရွာလူထု | လူထုဖဟိုပြု |
| | ၄။ | ချောင်းကူးတံတားပြုပြင်ခြင်း | | | | |
| | ၅။5601 | အင်ဂျင်မီး | | | | |
| အသက်မွေးဝမ်းကြောင်း/စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အဟာ | | | ကျား / မ | 2018 | ကျေးရွာလူထု | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |